# ဘက်စုံပို့ဆောင်ရေးဥပဒေ

## (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃ ။)

## ၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်

## (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ (က) ဤဥပဒေကို **ဘက်စုံပို့ဆောင်ရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် နေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ပြည်ထောင်စုအစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **ဘက်စုံပို့ဆောင်ရေး** ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေး ပဋိညာဉ်အရ နိုင်ငံတစ်နိုင်ငံရှိ ဒေသတစ်ခုခုမှ အခြားနိုင်ငံရှိ သတ်မှတ်ဒေသသို့ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ကုန်စည်ကိုတာဝန်ယူ လက်ခံ၍ အနည်းဆုံးပို့ဆောင်ရေးနည်းလမ်းနှစ်သွယ်ဖြင့် သယ်ယူပို့ဆောင်ခြင်းကို ဆိုသည်။

(ဂ) **ပို့ဆောင်ရေးနည်းလမ်း** ဆိုသည်မှာ ကုန်စည်ကို ကုန်းလမ်း၊ ရထားလမ်း၊ ပြည်တွင်းရေကြောင်းလမ်း၊ပင်လယ်ရေကြောင်းလမ်း သို့မဟုတ် လေကြောင်းလမ်းဖြင့် သယ်ယူပို့ဆောင်သည့် နည်းလမ်းများကိုဆိုသည်။

(ဃ) **ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ** ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေး ပဋိညာဉ်ကို ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ချုပ်ဆိုသူဖြစ်ပြီး ဘက်စုံပို့ဆောင်ရေးလုပ်ငန်းကို ကုန်စည်အပ်နှံသူ သို့မဟုတ် ကုန်စည်လက်ခံသူ၏ ကိုယ်စားလှယ်အဖြစ် မဟုတ်ဘဲ ကိုယ်တိုင်ပဋိညာဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသူကို ဆိုသည်။

(င) **သယ်ယူပို့ဆောင်သူ** ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူကဲ့သို့ ထပ်တူထပ်မျှ လုပ်ကိုင်ဆောင်ရွက်သည်ဖြစ်စေ၊ မဆောင်ရွက်သည်

ဖြစ်စေ ကုန်းလမ်း၊ ရထားလမ်း၊ ပြည်တွင်းရေကြောင်းလမ်း၊ ပင်လယ်ရေကြောင်းလမ်း၊ လေကြောင်းလမ်း သို့မဟုတ် အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတစ်ခုလုံး သို့မဟုတ် တစ်စိတ် တစ်ပိုင်းကို ဆောင်ရွက်သူ သို့မဟုတ် ဆောင်ရွက်ရန် တာဝန်ယူသူကို ဆိုသည်။

(စ) **ကုန်စည်အပ်နှံသူ** ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေး ပဋိညာဉ်ကို ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူနှင့် စာချုပ်ချုပ်ဆိုသူကို ဆိုသည်။

(ဆ) **ကုန်စည်လက်ခံသူ** ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထား လက်မှတ်တွင် ဖော်ပြထားသော ကုန်စည်ကို ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူထံမှ လက်ခံရယူ ပိုင်ခွင့်ရှိသူကို ဆိုသည်။

(ဇ) **ဘက်စုံပို့ဆောင်ရေး** ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ် ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ကုန်စည်ကို ဘက်စုံပို့ဆောင်ရေးပဋိညာဉ်ပါ စည်းကမ်းချက်များနှင့်အညီ လွှဲပြောင်းပေးပို့ရန် တာဝန်ယူသည့်အပြင် ၎င်းက ကုန်စည်ကို လက်ခံ တာဝန်ယူကြောင်း ကုန်စည်အပ်နှံသူသို့ ထုတ်ပေးသည့် ဘက်စုံ ပို့ဆောင်ရေးပဋိညာဉ်၏ သက်သေခံစာတမ်း အမှတ်အသားကို ဆိုသည်။

(ဈ) ကုန်စည်လွှဲပြောင်းပေးပို့ခြင်း ဆိုသည်မှာ အောက်ပါတစ်ခုခုကို ဆိုသည်-

(၁) ကုန်စည်လက်ခံသူသို့ ကုန်စည်ကို လက်ရောက်လွှဲပြောင်းပေးအပ်ခြင်း၊

(၂) ကုန်စည်ကို ဘက်စုံပို့ဆောင်ရေးပဋိညာဉ်နှင့်အညီ ကုန်စည်လက်ခံသူ၏ အစီအမံဖြင့် နေရာချထားခြင်း သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရမည့် နေရာတွင်ရှိသည့် ကူးသန်းရောင်းဝယ်ရေး ဥပဒေနှင့် ဓလေ့ထုံးစံအရ နေရာချထားခြင်း၊

(၃) ကုန်စည်လွှဲပြောင်းပေးပို့ရမည့် နေရာတွင် ကျင့်သုံးသည့်ဥပဒေ သို့မဟုတ် စည်းမျဉ်းများအရ လွှဲအပ်ထားခြင်းခံရသူသို့ ဖြစ်စေ၊ အခြားပုဂ္ဂိုလ်သို့ ဖြစ်စေ ကုန်စည်လွှဲပြောင်း ပေးအပ်ခြင်း။

(ည) **အထူးငွေကြေး** ထုတ်ယူပိုင်ခွင့်ယူနစ် ဆိုသည်မှာ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က အထူးငွေကြေးထုတ်ယူပိုင်ခွင့်ယူနစ်ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ ငွေကြေး ထုတ်ယူခြင်းအတွက် အထူးသတ်မှတ်ထားသည့် ငွေကြေးစနစ်တစ်ခုကို ဆိုသည်။

(ဋ) **ကုန်စည်** ဆိုရာတွင် ထုပ်ပိုးထားသည်ဖြစ်စေ၊ ထုပ်ပိုးထားခြင်း မရှိသည်ဖြစ်စေ သယ်ယူသည့် သို့မဟုတ် သယ်ယူရန်ရှိသည့် သက်ရှိတိရစ္ဆာန်၊

ကုန်သေတ္တာ၊ သယ်ယူရန်ကုန်စည်တင် အခင်းပြား သို့မဟုတ် အလားတူ ကိရိယာဖြင့် သယ်ယူသည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းတစ်ခုခု ပါဝင်သည်။

(ဌ) **ထုပ်ပိုးပစ္စည်း** ဆိုသည်မှာ ကုန်စည်တစ်ခုချင်းစီကို တစ်အိတ်၊ တစ်စိတ်၊ တစ်ပိုင်း၊ တစ်စည်၊ တစ်လိပ်၊ တစ်ခြင်း၊ ဘောထုပ် တစ်ထုပ်၊ တစ်စီး၊ တစ်ဖာ၊ သေတ္တာတစ်သေတ္တာ သို့မဟုတ် အခြားအခေါ်အဝေါ် ယူနစ်တစ်ခုခု ဟူ၍ ရေတွက်နိုင်ပြီး တစ်ခုချင်းစီ သီးခြားခွဲ၍ သယ်ယူပို့ဆောင်နိုင်သည့် ကုန်စည် ယူနစ်တစ်ခုခုကို ဆိုသည်။

(ဍ) **လက်မှတ်ရေးထိုးထားသည့်စာ** ဆိုရာတွင် လက်မှတ်ရေးထိုးထားသည့် စာအပြင် ကြေးနန်း၊ တဲလက်စ်၊ ဖက်စ်ဖြင့်သော်လည်းကောင်း၊ စက်မှု သို့မဟုတ် အီလက်ထရွန်နစ်နည်းဖြင့် ပုံနှိပ်စာ၊ မှတ်တမ်း သို့မဟုတ် ပြန်လည် ဖော်ပြချက် သို့မဟုတ် ထုတ်လွှင့်သည့် သတင်းအချက်အလက်ဖြင့်သော် လည်းကောင်း၊ အဆိုပါ ကိစ္စအလို့ငှာ ရည်ရွယ်၍အခြား စာချုပ်စာတမ်း တစ်ခုခု သို့မဟုတ် ပစ္စည်းကိရိယာဖြင့်သော် လည်းကောင်း ပြုလုပ်ခြင်းတို့ ပါဝင်သည်။

(ဎ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပေးသည့် ဘက်စုံ ပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ကိုယ်စားလှယ် မှတ်ပုံတင် လက်မှတ်ကို ဆိုသည်။

(ဏ) **ပဋိညာဉ်ဆိုသည်မှာ** ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ကုန်စည်ကို သယ်ယူ ပို့ဆောင်ခရယူ၍ အပြည်ပြည်ဆိုင်ရာ ဘက်စုံပို့ဆောင်ရေး နည်းလမ်းအတိုင်း ဆောင်ရွက်ပေးရန် သို့မဟုတ် ထိုသို့ဆောင်ရွက်မှုကို အကောင်အထည်ဖော်ရန် တာဝန်ယူချုပ်ဆိုသည့် ပဋိညာဉ်ကို ဆိုသည်။

(တ) **ဗဟိုအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ကုန်စည်များ ဘက်စုံ ပို့ဆောင်ရေး ဗဟိုအဖွဲ့ကို ဆိုသည်။

(ထ) **ဝန်ကြီးဌာနဆိုသည်မှာ** ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဒ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ပို့ဆောင်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူး ချုပ်ကိုသော်လည်းကောင်း၊ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ၎င်းက ခန့်အပ်တာဝန်ပေးသည့် အခွင့်ရ အရာရှိကိုသော် လည်းကောင်း ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဘက်စုံပို့ဆောင်ရေးနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ဒေသဆိုင်ရာ သဘောတူစာချုပ်ပါ ကတိပြုချက်များကိုလည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ခ) ပြည်တွင်းပြည်ပတွင် ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများ ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်ရေးရောင်းဝယ်ရေးလုပ်ငန်းများ စည်းကမ်း ကျနစွာ တိုးတက်ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုရန်၊

(ဂ) အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးရောင်းဝယ်ရေးနှင့် စပ်လျဉ်းသည့် လိုအပ် ချက်များ ပြည့်စုံစေရေးအတွက် စွမ်းဆောင်ရည်ရှိပြီး ထိရောက်မြန်ဆန်သော ဘက်စုံပို့ဆောင်ရေး ဝန်ဆောင်မှုများ ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန်၊

(ဃ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများက ဤဥပဒေအရ မှတ်ပုံတင်၍ စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်စေရန်၊

(င) ဘက်စုံပို့ဆောင်ရေး ဝန်ဆောင်မှုတွင် အသုံးပြုသူများနှင့် ကုန်စည်ပို့ဆောင် သူများအကြား မျှတသည့် အကျိုးကျေးဇူးများ ခံစားနိုင်စေရန်နှင့် ပေါ်ပေါက် လာသည့် ပြဿနာများကို ငြိမ်းအေးစွာဖြေရှင်းနိုင်ရန်၊

(စ) ကုန်စည်ကို သမားရိုးကျနည်းဖြင့် ကြားခံနိုင်ငံများမှတစ်ဆင့် ပို့ဆောင်ရာတွင် အဆင့်ဆင့် ဆောင်ရွက်ရသည့် အခက်အခဲနှင့်ပြဿနာများ လျော့နည်း ကင်းဝေးစေပြီး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုသွက်လက်လျင်မြန် လာစေရန်။

## အခန်း(၃)
## သက်ဆိုင်ခြင်း

၄။ ဤဥပဒေသည် အောက်ပါတို့နှင့် သက်ဆိုင်စေရမည်-

(က) ဤဥဒေအရ ဗဟိုအဖွဲ့တွင် မှတ်ပုံတင်ပြီး မှတ်ပုံတင်လက်မှတ် ရယူထားသည့် ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများ၊

(ခ) တရားမကြောင်းအရ တောင်းဆိုသည့် နစ်နာမှုများဖြေရှင်းရန်အလို့ငှာ ဘက်စုံ ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ပဋိညာဉ်တွင် သတ်မှတ်ထားသည့် အတိုင်း-

(၁) ပဋိညာဉ်အရ ကုန်စည်ကို တာဝန်ယူ၍ သယ်ယူပို့ဆောင်ရန် လွှဲပြောင်း လက်ခံသည့် နေရာသည် မြန်မာနိုင်ငံတွင် တည်ရှိပြီး လွှဲပြောင်း ပေးပို့ရမည့်နေရာသည် စာချုပ်ဝင် အခြားနိုင်ငံတစ်နိုင်ငံတွင် တည်ရှိ သည့် ပဋိညာဉ်များ၊ သို့မဟုတ်

(၂) ကုန်စည်ကို လွှဲပြောင်းပေးပို့ရမည့် နေရာသည် မြန်မာနိုင်ငံတွင် တည်ရှိပြီး ပဋိညာဉ်အရ ကုန်စည်ကို တာဝန်ယူ၍ သယ်ယူ ပို့ဆောင်

ရန်လွှဲပြောင်းလက်ခံသည့်နေရာသည် စာချုပ်ဝင် အခြားနိုင်ငံ တစ်နိုင်ငံတွင် တည်ရှိသည့် ပဋိညာဉ်များ။

၅။ ဤဥပဒေတွင် သုံးနှုန်းထားသော **"ဘက်စုံပို့ဆောင်ရေး၊" "ဘက်စုံ ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၊" "ပဋိညာဉ်" နှင့် "ဘက်စုံပို့ဆောင်ရေးကုန်စည် တင်ဆောင်သည့် သက်သေခံအထောက်အထား လက်မှတ်"** ဆိုသည့် စကားရပ်များသည် အပြည်ပြည်ဆိုင်ရာ သို့မဟုတ် ဒေသဆိုင်ရာ သဘောသဘာဝရှိသည့် အသုံးအနှုန်းဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း(၄)

## ကုန်စည်များ ဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ ဝန်ကြီးဌာနသည် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် လည်းကောင်း၊ သက်ဆိုင်ရာ ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးနှင့် ကြီးကြပ်ကွပ်ကဲရေးအတွက် လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ သင့်လျော်သောပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သူများ ပါဝင်သည့် ကုန်စည်များ ဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့ကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၇။ ဝန်ကြီးဌာနသည်-

(က) ပုဒ်မ ၆ အရ ဗဟိုအဖွဲ့ကို ဖွဲ့စည်းရာတွင် ဝန်ကြီးဌာနမှ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်တစ်ဦးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပို့ဆောင်ရေးဦးစီး ဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် လည်းကောင်း တာဝန်ပေးအပ်ရမည်။

(ခ) ဗဟိုအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကိုလည်း ထည့်သွင်းဖွဲ့စည်းနိုင်သည်။

(ဂ) ဗဟိုအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ ဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် ပြဋ္ဌာန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များအားလည်းကောင်း၊ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများအားလည်းကောင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဝန်ကြီးဌာနသို့ အကြံပြုချက်များ တင်ပြခြင်း၊

(ခ) ဘက်စုံပို့ဆောင်ရေးကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းပြည်ပမှ အခွင့်အာဏာပိုင်များ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် လည်းကောင်း၊ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများ၊ သယ်ယူပို့ဆောင်သူများ၊ ကုန်စည်အပ်နှံသူနှင့် ကုန်စည်လက်ခံသူများနှင့် လည်းကောင်း ပူးပေါင်းညှိနှိုင်း ပေးခြင်း၊

(ဂ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများအား စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊

(ဃ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများနှင့် အမိန့်တို့ပါ တားမြစ်ချက် တစ်ခုခုကိုဖြစ်စေ၊ မှတ်ပုံတင်လက်မှတ် စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ၊ ဖောက်ဖျက် ကျူးလွန်သူအား ပုဒ်မ ၄၃ အရ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်ခြင်း၊

(င) သယ်ယူပို့ဆောင်သူများ၊ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများနှင့် အသုံးပြုသူများက ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ မှတ်ပုံတင်လက်မှတ် စည်းကမ်းချက်များကိုလည်းကောင်း လိုက်နာဆောင်ရွက်ခြင်း ရှိမရှိ လိုအပ်သလို စစ်ဆေးခြင်း၊ ထိုသို့စစ်ဆေးနိုင်ရန် ဗဟိုအဖွဲ့၏ အဖွဲ့ဝင်ပါဝင်သည့် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သော ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ တာဝန်ပေးအပ်ခြင်း၊

(စ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်နွှယ်သော ထောက်ပံ့ဖြည့်ဆည်း စီမံဆောင်ရွက်မှုလုပ်ငန်းများ၊ အပြည်ပြည်ဆိုင်ရာ ပို့ဆောင်ရေးလုပ်ငန်းများနှင့် သင်တန်းများကို စည်းကမ်းချက်များ သတ်မှတ်၍ လိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက် ထုတ်ပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဆ) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အထောက်အကူပြုရန် ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ လိုအပ်သည့် နိုင်ငံ့ဝန်ထမ်းများအား ခန့်ထားခြင်း၊

(ဇ) ဗဟိုအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြခြင်း၊

(ဈ) ဤဥပဒေပါ ကိစ္စအလို့ငှာ ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၅)

## မှတ်ပုံတင်ခြင်း

၉။ (က) ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူအဖြစ်သော် လည်းကောင်း၊ နိုင်ငံတော်က အဖွဲ့ဝင်ဖြစ်သော ဘက်စုံပို့ဆောင်ရေးနှင့် စပ်လျဉ်းသည့်

အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း သို့မဟုတ် ဒေသဆိုင်ရာ သဘောတူစာချုပ်၏အဖွဲ့ဝင်ဖြစ်သည့် ပြည်ပနိုင်ငံတစ်ခုခုမှ မှတ်ပုံတင်လက်မှတ်ရရှိသော ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၏ ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း ဘက်စုံပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်လိုသူ သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသူသည် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဗဟိုအဖွဲ့သို့ လျှောက်ထားရမည်။

(ခ) ဗဟိုအဖွဲ့သည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်များအား သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) ဗဟိုအဖွဲ့က ပုဒ်မခွဲ(ခ)အရ ခွင့်ပြုသည့်အခါ မှတ်ပုံတင်အရာရှိသည် လျှောက်ထားသူအား သတ်မှတ်ထားသည့် မှတ်ပုံတင်ခကို ပေးသွင်းစေပြီး သတ်မှတ်သည့် စည်းကမ်းချက်များဖြင့် မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

၁၀။ (က) ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်အခါ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက မှတ်ပုံတင်သက်တမ်း တိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်အညီ ဗဟိုအဖွဲ့သို့ လျှောက်ထားရမည်။

(ခ) ဗဟိုအဖွဲ့က ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက မှတ်ပုံတင်အရာရှိသည် လျှောက်ထားသူအား သတ်မှတ်သည့် အခကြေးငွေများကို ပေးသွင်းစေပြီး သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ မှတ်ပုံတင် သက်တမ်းတိုးမြှင့်ပေးရမည်။

## အခန်း(၆)

## ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ် ထုတ်ပေးခြင်း

၁၁။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ပဋိညာဉ်အရ ကုန်စည်ကို တာဝန်ယူ၍ သယ်ယူပို့ဆောင်ရန် လွှဲပြောင်းလက်ခံသည့်အခါ ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက်အထားလက်မှတ်မှာ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းဖြစ်သည် သို့မဟုတ် လွှဲပြောင်းခြင်း မပြုနိုင်သော စာချုပ်စာတမ်းဖြစ်သည်ကို ကုန်စည်အပ်နှံသူက ရွေးချယ်လက်ခံသည့်အတိုင်း ဖော်ပြ၍ ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်ကို ကုန်စည်အပ်နှံသူအား ထုတ်ပေးရမည်။

၁၂။ ပုဒ်မ ၁၁ အရ ထုတ်ပေးသောလက်မှတ်တွင် ဘက်စုံပို့ဆောင်ရေးလုပ်ငန်း

လုပ်ကိုင်သူကဖြစ်စေ၊ ၎င်း၏အခွင့်အာဏာရ ပုဂ္ဂိုလ်တစ်ဦးကဖြစ်စေ လက်မှတ်ရေးထိုးရမည်။

၁၃။ ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထား လက်မှတ်တွင် အောက်ပါအချက်များပါရှိရမည်-

(က) ကုန်စည်အပ်နှံသူကပေးသော ကုန်နှင့်စပ်ဆိုင်သည့် ဖော်ပြချက်၊ မည်သည့် ကုန်စည်ဖြစ်ကြောင်း ဖော်ပြချက်၊ လိုအပ်သည့် အမှတ်တံဆိပ်၊ ပျက်စီး လွယ်သော သို့မဟုတ် အန္တရာယ်ရှိသော ကုန်စည်ဖြစ်လျှင် ထိုသို့ဖြစ်ကြောင်း ဖော်ပြချက်၊ ထုပ်ပိုးပစ္စည်း သို့မဟုတ် ပစ္စည်းအစိတ်အပိုင်း အရေအတွက်၊ အခြားနည်းဖြင့် ဖော်ပြသည့် ကုန်စည်စုစုပေါင်း အလေးချိန်၊ ပမာဏ သို့မဟုတ် အရေအတွက်၊

(ခ) ကုန်စည်၏ လက်ရှိမျက်မြင် အခြေအနေ၊

(ဂ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ လုပ်ငန်းအမည်နှင့် အခြေစိုက် (ရုံးချုပ်)တည်နေရာလိပ်စာ၊

(ဃ) ကုန်စည်အပ်နှံသူအမည်၊

(င) ကုန်စည်အပ်နှံသူကပေးသည့် ကုန်စည်လက်ခံမည့်သူအမည်၊

(စ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ပဋိညာဉ်အရ ကုန်စည်ကို တာဝန်ယူ၍ သယ်ယူပို့ဆောင်ရန် လွှဲပြောင်းလက်ခံသည့် နေရာနှင့်ရက်စွဲ၊

(ဆ) ကုန်စည်လွှဲပြောင်း ပေးပို့ရမည့်နေရာ၊

(ဇ) ကုန်စည်လွှဲပြောင်း ပေးပို့ရမည့်နေရာ၊ နေ့ရက် သို့မဟုတ် အချိန်ကာလကို စာချုပ်ဝင်များက အတိအလင်း သဘောတူဖော်ပြထားလျှင် ယင်းသို့ ဖော်ပြသည့် လွှဲပြောင်းပေးပို့ရမည့်နေရာ၊ နေ့ရက် သို့မဟုတ် အချိန် ကာလ၊

(ဈ) ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက် အထားလက်မှတ်မှာ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းဖြစ်သည် သို့မဟုတ် လွှဲပြောင်းခြင်း မပြုနိုင်သော စာချုပ်စာတမ်းဖြစ်သည်ဟု ဖော်ပြချက်၊

(ည) ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက် အထားလက်မှတ်ထုတ်ပေးသည့် နေရာနှင့် နေ့ရက်၊

(ဋ) ဘက်စုံပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် ၎င်း၏အခွင့်အာဏာရ ပုဂ္ဂိုလ်၏ လက်မှတ်၊

(ဌ) စာချုပ်ဝင်များက အတိအလင်းသဘောတူထားလျှင် ယင်းသို့ သဘောတူ ထားသည့်အတိုင်း ပို့ဆောင်ရေးနည်းလမ်း တစ်ခုစီအတွက် ကုန်စည် သယ်ယူပို့ဆောင်ခ သို့မဟုတ် ကုန်စည်လက်ခံသူက ပေးရမည့်ငွေကြေး အမျိုးအစား အပါအဝင် ကုန်စည်သယ်ယူပို့ဆောင်ခ သို့မဟုတ် ၎င်းက

ကုန်စည်သယ်ယူပို့ဆောင်ခအတွက် ပေးရမည့် အခြားဖော်ပြချက်၊

(ဎ) ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ် ထုတ်ပေးချိန်တွင်သိရှိရသည့် ပို့ဆောင်ရေးခရီးစဉ်လမ်းကြောင်း၊ ပို့ဆောင်ရေးနည်းလမ်းနှင့် တစ်ဆင့်လွှဲပြောင်း သယ်ဆောင်ရမည့်နေရာ၊

(ဏ) စာချုပ်ဝင်တို့ သဘောတူညီထားသည့် တည်ဆဲဥပဒေများနှင့် ဆန့်ကျင်ခြင်းမရှိသော အခြားဖော်ပြချက်။

၁၄။ ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်တွင် ပုဒ်မ ၁၃ ပါ အချက်တစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ မပါရှိသော်လည်း ပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)ပါ ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက်အထားလက်မှတ်၏ အဓိပ္ပာယ် ဖွင့်ဆိုချက်နှင့် ညီညွတ်လျှင် ထိုကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက်အထား လက်မှတ်၏ တရားဝင်မှုကို ထိခိုက်ခြင်း မရှိစေရ။

၁၅။ (က) ဘက်စုံပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူက လက်ခံတာဝန်ယူခဲ့သည့် ကုန်စည်နှင့် စပ်လျဉ်း၍ ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက်အထားလက်မှတ်ပေါ်တွင် ပုံနှိပ်ထားသော သို့မဟုတ် ထပ်၍ရိုက်နှိပ်ထားသော ကုန်အလေးချိန်၊ ဝန်နှင့်ရေတွက်ပုံ၊ ကုန်စည်တင်သူထည့်သွင်းသည့် ကုန်သေတ္တာ သို့မဟုတ် အခြားအလားတူ စကားရပ်များ ကဲ့သို့သော ဖော်ပြချက်များသည် ဆန့်ကျင်ကွဲလွဲမှုမရှိပါက အဆိုပါ ဘက်စုံပို့ဆောင်ရေးကုန်စည် တင်ဆောင်သည့်သက်သေခံ အထောက်အထားလက်မှတ်သည် မြင်သာသော သက်သေခံအထောက်အထားဖြစ်စေရမည်။

(ခ) ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်ကို ကုန်စည်လက်ခံသူသို့ လွှဲပြောင်းပေး၍ဖြစ်စေ၊ အလားတူ အီလက်ထရွန်နစ် အချက်အလက်ဖြင့် အပြန်အလှန် ပို့လွှတ်၍ဖြစ်စေ ပေးပို့သည်ကို ကုန်စည်လက်ခံသူက သဘောရိုးဖြင့် လက်ခံရရှိပြီးဖြစ်ကြောင်း အသိအမှတ်ပြုပြီးဖြစ်လျှင် ထိုကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက်အထားလက်မှတ်နှင့်စပ်လျဉ်း၍ ဆန့်ကျင်ကွဲလွဲပြီး တင်ပြသည့် သက်သေခံချက်များကို လက်ခံခြင်း မပြုရ။

## အခန်း(၇)

## ဘက်စုံသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်နှင့်ပေးအပ်ရန် တာဝန်ရှိမှုများ

၁၆။ ဘက်စုံပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူသည် ကုန်စည်ကို ၄င်းကတာဝန်ယူ၍

ပို့ဆောင်ရန် လက်ခံသည့်အချိန်မှစ၍ သဘောတူညီချက်အရ ကုန်စည်ကို လွှဲပြောင်းပေးပို့သည့် အချိန်အထိ ထိုကုန်စည်အတွက် တာဝန်ရှိသည်။

၁၇။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် မိမိ၏လုပ်ငန်းတာဝန်များ ဆောင်ရွက်နေစဉ်အတွင်း မိမိ၏ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်၏ ပြုလုပ်မှုနှင့် ပျက်ကွက်မှုများ အတွက်သော်လည်းကောင်း၊ အခြားပုဂ္ဂိုလ်တစ်ဦးဦးနှင့် ထပ်ဆင့်ချုပ်ဆိုသည့် ပဋိညာဉ်အရ ဆောင်ရွက်ရာတွင် ထိုသူ၏ပြုလုပ်မှုနှင့် ပျက်ကွက်မှုများအတွက်သော်လည်းကောင်း မိမိကိုယ်တိုင်ပြုလုပ်မှုနှင့် ပျက်ကွက်မှုဖြစ် သကဲ့သို့ တာဝန်ရှိစေရမည်။

၁၈။ ကုန်စည်လွှဲပြောင်းပေးပို့ခြင်းကို သေချာစေရန်အလို့ငှာ အောက်ဖော်ပြပါ လိုအပ်သော ပြုလုပ်မှုများကို ဆောင်ရွက်ရာတွင် ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည်-

(က) ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်ကို လွှဲပြောင်းနိုင်သောပုံစံဖြင့် ထုတ်ပေးပြီးသည့်အခါ-

(၁) "လက်ဝယ်ကိုင်ဆောင်သူသို့ လွှဲပြောင်းပေးပို့ရန်" ဟု ဖော်ပြပါက အဆိုပါကုန်စည် တင်ဆောင်သည့် သက်သေခံအထောက်အထား လက်မှတ်မူရင်း တစ်စောင်ပေးအပ်သူအား ကုန်စည်ကို လွှဲပြောင်းပေးပို့ရမည်။

(၂) "အမိန့်ရသူသို့ လွှဲပြောင်းပေးပို့ရန်" ဟု ဖော်ပြပါက မှန်ကန်ကြောင်း ထပ်ဆင့် အတည်ပြုထောက်ခံသည့် အဆိုပါကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထား လက်မှတ်မူရင်းတစ်စောင် ပေးအပ်သူအား ကုန်စည်ကိုလွှဲပြောင်းပေးပို့ရမည်။

(၃) လွှဲပြောင်းပေးပို့ရမည့်သူ၏ အမည်မပါရှိဘဲ ကွက်လပ်ဖြင့် "----- သို့ လွှဲပြောင်းပေးပို့ရန်" ဟု ဖော်ပြပါက ပုဒ်မခွဲငယ် (၂) ပါပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်ကို လွှဲပြောင်းခြင်းမပြုနိုင်သော ပုံစံဖြင့် ထုတ်ပေးပြီးသည့်အခါ-

(၁) "အမည်ဖော်ပြထားသူသို့ လွှဲပြောင်းပေးပို့ရန်"ဟု ဖော်ပြပါက ထိုသူမှန်ကန်ကြောင်း သက်သေခံ အထောက်အထားပြသနိုင်လျှင် အဆိုပါကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထား လက်မှတ်မူရင်း တစ်စောင်ပေးအပ်သူအား ကုန်စည်ကို လွှဲပြောင်း ပေးပို့ရမည်။

(၂) အဆိုပါ သက်သေခံအထောက်အထားလက်မှတ်တွင် ကုန်စည်

လက်ခံသူအဖြစ် အမည်ဖော်ပြထားသူ မှန်ကန်ကြောင်း သက်သေခံ အထောက်အထားပြသပါက ထိုသူအား ထုတ်ပေးရမည်။

(ဂ) အဆိုပါ ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထား လက်မှတ်ကို ထုတ်ပေးခဲ့ခြင်း မရှိသည့်အခါ ပဋိညာဉ်အရ ကုန်စည်အပ်နှံသူက ညွှန်ကြားသည့် ပုဂ္ဂိုလ်ထံသို့ဖြစ်စေ၊ ကုန်စည်အပ်နှံသူ သို့မဟုတ် ကုန်စည် လက်ခံသူ၏ အခွင့်အရေးရရှိသူက ညွှန်ကြားသည့် ပုဂ္ဂိုလ်ထံသို့ ဖြစ်စေ ကုန်စည်ကို လွှဲပြောင်းပေးပို့ရမည်။

၁၉။ (က) ဘက်စုံပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူသည် ပဋိညာဉ်အရ တာဝန်ယူ ပို့ဆောင်ရန် ကုန်စည်ကို စတင်လက်ခံသည့် အချိန်မှစ၍ ကိုယ်တိုင် တာဝန်ယူ ဆောင်ရွက်ရာတွင် ဖြစ်စေ၊ ပုဒ်မ ၁၇ ပါ မိမိ၏ဝန်ထမ်း၊ ကိုယ်စားလှယ် သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးက ဆောင်ရွက်ရာတွင် ဖြစ်စေ ကုန်စည်များ ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ ရန် နှောင့်နှေး ကြန့်ကြာမှုကြောင့် ဆုံးရှုံးမှုအတွက် မိမိကိုယ်တိုင်တွင် သော်လည်းကောင်း၊ မိမိ၏ဝန်ထမ်း၊ ကိုယ်စားလှယ် သို့မဟုတ် အခြား ပုဂ္ဂိုလ်တစ်ဦးဦးတွင် သော်လည်းကောင်း တာဝန်မရှိကြောင်း သက်သေခံ ချက် အထောက်အထား မတင်ပြနိုင်လျှင် ယင်းဆုံးရှုံးမှုတစ်ခုခုအတွက် တာဝန်ရှိစေရမည်။

(ခ) ကုန်စည်လွှဲပြောင်းပေးပို့ရမည့် အချိန်ကာလနှင့်စပ်လျဉ်း၍ ကုန်စည် အပ်နှံသူက ကြေညာခြင်း မပြုလုပ်ခဲ့ဘဲ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ကုန်စည်ကို လက်ခံခဲ့ခြင်းဖြစ်လျှင် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေး ကြန့်ကြာမှုကြောင့် ဖြစ်ပေါ်လာသည့်ဆုံးရှုံးမှုအတွက် ဘက်စုံ ပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူတွင် တာဝန်မရှိစေရ။

၂၀။ အတိအလင်း သဘောတူညီခဲ့သည့် အချိန်အတွင်းကုန်စည်ကို လွှဲပြောင်းပေးပို့ခြင်း မပြုလျှင် သဘောတူညီချက် ကုန်ဆုံးသည့်နေ့၏ နောက်ရက်ကိုသော်လည်းကောင်း၊ ထိုသို့သော သဘောတူညီချက်မျိုးမရှိသည့်ကိစ္စတွင် ဂရုပြုလုံ့လစိုက်သော ဘက်စုံ ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူအနေဖြင့် ကိစ္စရပ်အခြေအနေပေါ် မူတည်၍ လျော်ကန်သင့်မြတ်သော အချိန်အတွင်း လွှဲပြောင်းပေးပို့ခြင်း မပြုလျှင် လျော်ကန် သင့်မြတ်သော အချိန်ကုန်ဆုံးသည့်နေ့ နောက်ရက်ကိုသော်လည်းကောင်း၊ ကုန်စည် လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှု ပေါ်ပေါက်သည့်နေ့ဟု သတ်မှတ်သည်။

၂၁။ ပုဒ်မ ၂၀ အရ ကုန်စည်ကို လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှု ပေါ်ပေါက် ကြောင်း သတ်မှတ်သည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ကုန်စည်ကို လွှဲပြောင်း ပေးပို့ခြင်း မပြုနိုင်လျှင် ကုန်စည်ကို တောင်းဆိုပိုင်ခွင့်ရှိသူတစ်ဦးဦးသည် အခြား

ဆန့်ကျင် ကွဲလွဲသည့် သက်သေခံအထောက်အထား မရှိပါက ပျောက်ဆုံးသည့် ကုန်စည်အဖြစ် မှတ်ယူ၍ ဆောင်ရွက်နိုင်သည်။

၂၂။ ပုဒ်မ ၁၉ တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ကုန်စည်နှင့်စပ်လျဉ်း၍ သယ်ယူပို့ဆောင်သည့် ကာလအတော အတွင်း အောက်ပါအခြေအနေ တစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ပေါ်ပေါက် ကြောင်း၊ သက်သေထင်ရှားပြနိုင်ပါက အဆိုပါကုန်စည်ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည် လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုအတွက် တာဝန်မရှိစေရ-

(က) ကုန်စည်အပ်နှံသူ၊ ကုန်စည်လက်ခံသူ၊ ၎င်း၏ ကိုယ်စားဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်၏ ပြုလုပ်မှု သို့မဟုတ် ပေါ့ဆမှု၊

(ခ) ကုန်စည်ထုပ်ပိုးခြင်း၊ အမှတ်တံဆိပ်ပြုလုပ်ခြင်း သို့မဟုတ် ကုန်စည် နံပါတ်တပ်ခြင်း ပြုလုပ်ရာတွင် မလုံလောက်မှု သို့မဟုတ် အားနည်းချို့ယွင်းမှု၊

(ဂ) ကုန်စည်အပ်နှံသူ၊ ကုန်စည်လက်ခံသူ သို့မဟုတ် ၎င်း၏ကိုယ်စား ဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်က ကုန်စည်ကိုင်တွယ် ထိန်းသိမ်းမှု၊ ကုန်စည်တင်မှု၊ ကုန်စည်ချမှု သို့မဟုတ် သိုလှောင် ထိန်းသိမ်းထားရှိမှု၊

(ဃ) ကုန်စည်၏ ပင်ကိုသဘာဝချို့ယွင်းမှု သို့မဟုတ် မမြင်သာသော ချို့ယွင်းမှု၊

(င) သက်ဆိုင်သည့် အလုပ်သမားများ အစုအဝေးဖြင့် ဆန္ဒဖော်ထုတ်မှု၊ အလုပ် ပိတ်မှု၊ အလုပ်ရပ်နားထားမှု၊ အလုပ်ကို လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသ ဖြစ်စေ မလုပ်စေရန် တားဆီးခံရမှု၊

(စ) သဘာဝဘေး အန္တရာယ်ဖြစ်ပေါ်မှု သို့မဟုတ် မလွန်ဆန်နိုင်သော ဖြစ်ရပ် ပေါ်ပေါက်မှု။

၂၃။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ပုဒ်မ ၂၂ ပါ အခြေအနေများ အပြင် ပင်လယ်ရေကြောင်းနှင့် ပြည်တွင်းရေကြောင်းတို့ဖြင့် ကုန်စည်ပို့ဆောင်ရာ၌ ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုအတွက် အောက်ပါအခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်ပါကလည်း တာဝန်မရှိစေရ-

(က) ရေယာဉ်မှူး၊ သင်္ဘောသား၊ ရေကြောင်းပြအရာရှိ သို့မဟုတ် သယ်ယူ ပို့ဆောင်သူ၏ ဝန်ထမ်းက တမင်ပြုလုပ်မှု၊ ပေါ့ဆမှု သို့မဟုတ် ပျက်ကွက်မှု၊

(ခ) သယ်ယူပို့ဆောင်သူနှင့် မသက်ဆိုင်သည့် မီးလောင်မှု၊

(ဂ) သတ်မှတ်ရေကြောင်း ခရီးစဉ်စတင်ချိန်၌ အသုံးပြုသည့် သင်္ဘောမှာ သွားလာရေးအတွက် ကြံ့ခိုင်၍ လိုအပ်ချက်များ ပြည့်စုံမှုရှိကြောင်း ဘက်စုံ ပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူက သက်သေထင်ရှားပြနိုင်ပြီး သတ်မှတ် ရေကြောင်းခရီးစဉ် အတွင်းတွင် သင်္ဘောမှာ ကြံ့ခိုင်ခြင်း၊ လိုအပ်ချက်များ ပြည့်စုံခြင်းမရှိ ဖြစ်လာမှု။

၂၄။ ကုန်စည်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် လျော်ကြေးကို သတ်မှတ်ရာ၌ ကုန်စည်လက်ခံသူသို့ ကုန်စည်လွှဲပြောင်းပေးပို့သည့်နေရာနှင့် အချိန်ကာလတို့တွင် တည်ရှိသော ကုန်စည်တန်ဖိုးကိုသော်လည်းကောင်း၊ ပဋိညာဉ်နှင့်အညီ ကုန်စည် လွှဲပြောင်းပေးပို့ရမည့် နေရာနှင့် အချိန်ကာလတို့တွင် တည်ရှိသော ကုန်စည်တန်ဖိုး ကိုသော်လည်းကောင်း အခြေခံရမည်။

၂၅။ ကုန်စည်တန်ဖိုးနှင့် စပ်လျဉ်း၍ လက်ရှိဖြစ်ပေါ်နေသော ကုန်စည်ချင်း ဖလှယ်သည့် ကုန်စည်ဒိုင် ဈေးနှုန်းကိုသော်လည်းကောင်း၊ အဆိုပါ ဈေးနှုန်းမရှိလျှင် ကာလပေါက် ဈေးနှုန်းကိုသော်လည်းကောင်း၊ အဆိုပါ ကုန်စည်ချင်းဖလှယ်သည့် ဈေးနှုန်းနှင့် ကာလပေါက်ဈေးနှုန်းတို့ မရှိလျှင် အဆိုပါကုန်စည်အမျိုးအစားနှင့် အရည်အသွေးတူ ကုန်စည်၏ ပုံမှန်တန်ဖိုးကိုသော်လည်းကောင်း အခြေခံ၍ ဆုံးဖြတ်ရမည်။

## အခန်း(၈)
## ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ ပေးအပ်ရန်တာဝန်ရှိမှု ကန့်သတ်ချက်

၂၆။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ပို့ဆောင်ရန် တာဝန်မယူမီ ကုန်စည် အပ်နှံသူက ကုန်စည်၏သဘာဝနှင့် တန်ဖိုးကိုကြေညာခြင်း မပြုခဲ့သည့်အပြင် ဘက်စုံ ပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက်အထား လက်မှတ်တွင်လည်း ထည့်သွင်းဖော်ပြခြင်း မရှိခဲ့လျှင် ဘက်စုံပို့ဆောင်ရေး လုပ်ငန်း လုပ်ကိုင်သူသည် ဘက်စုံပို့ဆောင်ရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း သို့မဟုတ် ဒေသဆိုင်ရာ သဘောတူစာချုပ်ကို အခြေခံ၍ ထုပ်ပိုး ပစ္စည်းတစ်ခုချင်း အတွက်သော် လည်းကောင်း၊ ဆုံးရှုံးသည့် သို့မဟုတ် ပျက်စီးသည့် ကုန်စည်၏ စုစုပေါင်းအလေးချိန်အတွက် သော်လည်းကောင်း ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်ထားသော အများဆုံးပေးလျော်ရမည့် အထူးငွေကြေး ထုတ်ယူပိုင်ခွင့် ယူနစ်ပမာဏထက်ပို၍ ပေးလျော်ရန် တာဝန် မရှိစေရ။

၂၇။ ကုန်သေတ္တာနှင့် ကုန်စည်တင် အခင်းပြားတို့ကို ထုပ်ပိုးပစ္စည်းတစ်ခု သို့မဟုတ် တစ်ယူနစ်ထက်ပို၍ ကုန်စည်တင်သည့်အခါ ဘက်စုံပို့ဆောင်ရေး ကုန်စည် တင်ဆောင်သည့် သက်သေခံအထောက်အထား လက်မှတ်တွင် တစ်ခုချင်းစီ စာရင်းသွင်းထားသော ထုပ်ပိုးပစ္စည်း သို့မဟုတ် အခြားသင်္ဘောတင် ပစ္စည်းယူနစ် များသည် ထုပ်ပိုးပစ္စည်း သို့မဟုတ် သင်္ဘောတင်ပစ္စည်းများဖြစ်သည်ဟု မှတ်ယူ ရမည်။ ထိုသို့မှတ်ယူရန် အချက်မှအပ အဆိုပါပို့ဆောင်ရေး ပစ္စည်းများသည် ထုပ်ပိုးပစ္စည်းတစ်ခု သို့မဟုတ် တစ်ယူနစ် ဖြစ်သည်ဟု မှတ်ယူရမည်။

၂၈။ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၇ တို့တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ဘက်စုံပို့ဆောင်ရေး

တွင် ပဋိညာဉ်အရ ပင်လယ်ရေကြောင်း သို့မဟုတ် ပြည်တွင်းရေကြောင်းခရီးဖြင့် ကုန်စည် ပို့ဆောင်ခြင်းမပါဝင်ပါက ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၏ ပေးလျော်ရန် တာဝန်သည် ဆုံးရှုံးသော သို့မဟုတ် ပျက်စီးသောကုန်စည်၏ စုစုပေါင်း အလေးချိန်အတွက် ဘက်စုံပို့ဆောင်ရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း သို့မဟုတ် ဒေသဆိုင်ရာ သဘောတူစာချုပ်ကို အခြေခံ၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်သော အထူးငွေကြေး ထုတ်ယူပိုင်ခွင့် ယူနစ်ပမာဏထက် မပိုစေရ။

၂၉။ ကုန်စည်ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုသည် ဘက်စုံပို့ဆောင်ရေး၏ သီးခြား ပို့ဆောင်ရေး နည်းလမ်းတစ်လမ်းဖြင့် ပို့ဆောင်သည့် ကာလအတွင်း ပေါ်ပေါက်သည့် အခါ အဆိုပါဖြစ်ရပ်နှင့် စပ်လျဉ်း၍ ဘက်စုံပို့ဆောင်ရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း သို့မဟုတ် ဒေသဆိုင်ရာ သဘောတူစာချုပ်တွင် အခြားပေးအပ်ရန် တာဝန်ကန့်သတ်ချက်ကို ပြဋ္ဌာန်းသတ်မှတ်ထားပြီး အဆိုပါ သီးခြားသယ်ယူပို့ဆောင်ရေး နည်းလမ်းအတွက် ပဋိညာဉ်ကိုလည်း သီးခြားချုပ်ဆို ထားလျှင် အဆိုပါဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုအတွက် ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၏ ပေးလျော်ရန် တာဝန်ကန့်သတ်ချက်သည် ဖော်ပြပါကွန်ဗင်းရှင်းနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်တို့ကို အခြေခံ၍ ဤဥပဒေအရ သတ်မှတ်သည့် အတိုင်းဖြစ်စေရမည်။

၃၀။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ကုန်စည်ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုမှအပ ကုန်စည်ထုတ်ပေးရာတွင် နှောင့်နှေးကြန့်ကြာမှုကြောင့် ဆုံးရှုံးမှု သို့မဟုတ် နောက်ဆက်တွဲ ဆုံးရှုံးနစ်နာမှုအတွက် ပေးလျော်ရန် တာဝန်ရှိလျှင် ထိုသူ၏ တာဝန်ရှိမှုသည် ပဋိညာဉ်အရ ကုန်စည်သယ်ယူပို့ဆောင်ခနှင့် ညီမျှသော ငွေပမာဏ ထက်မပိုစေရ။

၃၁။ ဘက်စုံပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူ၏ စုစုပေါင်းပေးလျော်ရန် တာဝန်ရှိမှုသည် ကုန်စည်အားလုံး ဆုံးရှုံးမှုအတွက် ပေးလျော်ရန် တာဝန်ထက်မပိုစေရ။

၃၂။ ကုန်စည်ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေး ကြန့်ကြာမှုသည် ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ထိုသို့ဆုံးရှုံးစေရန်၊ ပျက်စီးစေရန် သို့မဟုတ် နှောင့်နှေးကြန့်ကြာစေရန် ရည်ရွယ်၍သော်လည်းကောင်း၊ အလေးမထား ဂရုမစိုက်ဘဲ သိလျက်နှင့် သော်လည်းကောင်း ပုဂ္ဂိုလ်ရေးအရ ပြုလုပ် ကြောင်း သို့မဟုတ် ပျက်ကွက်ကြောင်း သက်သေထင်ရှား ပြသနိုင်လျှင် ဘက်စုံ ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ပေးအပ်ရန်တာဝန်ရှိမှု ကန့်သတ်ချက်၏ အကျိုးကျေးဇူးကို ခံစားခွင့်မရှိစေရ။

**အခန်း(၉)**

## ကုန်စည်အပ်နှံသူ၏ တာဝန်နှင့် ပေးအပ်ရန်တာဝန်ရှိမှုများ

၃၃။ ဘက်စုံပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူက ဘက်စုံပို့ဆောင်ရေးကို စတင်တာဝန်ယူ လက်ခံသည့် အချိန်တွင် ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက်အထားလက်မှတ်တွင် ထည့်သွင်းဖော်ပြရန် ကုန်စည်နှင့် စပ်လျဉ်း၍ သဘောသဘာဝ၊ အမှတ်တံဆိပ်၊ ကိန်းဂဏန်းနံပါတ်၊ အလေးချိန်၊ ပမာဏနှင့် အရေအတွက်၊ ဘေးအန္တရာယ် ဖြစ်စေတတ်သော ပစ္စည်းဖြစ်ပါက ထိုသို့ ဖြစ်ကြောင်း ဖော်ပြချက်တို့ကို ကုန်စည်အပ်နှံသူ ကိုယ်တိုင် သို့မဟုတ် ၎င်း၏ ကိုယ်စား ဆောင်ရွက်သူက ဖော်ပြသည့်အတိုင်း တိကျမှန်ကန်ကြောင်း ၎င်းက အာမခံပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၃၄။ ကုန်စည်အပ်နှံသူသည် ဘေးအန္တရာယ်ရှိသော ကုန်စည်ပေါ်တွင် ဘေးအန္တရာယ် ရှိကြောင်း ဖော်ပြသည့် အမှတ်တံဆိပ်ကိုဖြစ်စေ၊ ချိတ်ဆွဲတံဆိပ် သို့မဟုတ် ကပ်တံဆိပ်ကိုဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ ပြုလုပ် တပ်ဆင်ပေးရမည်။

၃၅။ ကုန်စည်အပ်နှံသူသည် ဘေးအန္တရာယ်ရှိသော ကုန်စည်ကို ဘက်စုံပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူ၊ ထိုသူ၏ကိုယ်စားဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ် တစ်ဦးဦးအားဖြစ်စေ လွှဲပြောင်းပေးအပ်သည့်အခါ ဘေးအန္တရာယ်ရှိသော ကုန်စည်၏ လက္ခဏာနှင့်လိုအပ်လျှင် ကြိုတင်သတိထားဆောင်ရွက်ရမည့် အချက်များကို ထိုသူ အားအသိပေးရမည်။အကယ်၍ ကုန်စည်အပ်နှံသူက ထိုသို့ဆောင်ရွက်ရန် ပျက်ကွက် သည့်အပြင် ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူကလည်း လွှဲပြောင်း ပေးအပ်သည့် ကုန်စည်မှာ ဘေးအန္တရာယ်ဖြစ်စေနိုင်သော လက္ခဏာရှိကြောင်း အခြားနည်းဖြင့် သိရှိမထားလျှင်-

(က) ထိုကုန်စည်ပို့ဆောင်ခြင်းဖြင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုအားလုံးအတွက် ဘက်စုံ ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူအား ကုန်စည်အပ်နှံသူက ပေးအပ်ရန် တာဝန်ရှိစေရမည်။

(ခ) ဖြစ်ပေါ်လာသော အခြေအနေ လိုအပ်ချက်အရ မည်သည့်အချိန်အခါတွင်မဆို လွှဲပြောင်းပေးအပ်ထားသည့် ကုန်စည်အတွက် လျော်ကြေးပေးရန် မလိုဘဲ ဘေးအန္တရာယ် မဖြစ်စေရန် ယင်းကုန်စည်ကို ဘက်စုံပို့ဆောင်ရေး လုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် ယင်း၏ကိုယ်စား ဆောင်ရွက်သူကချထားခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပေးအပ်ခြင်းပြုနိုင်သည်။

၃၆။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ၎င်းတာဝန်ယူဆောင်ရွက်နေစဉ် အတွင်း ကုန်စည်များ၏ ဘေးအန္တရာယ်ရှိသည့် လက္ခဏာကို သိရှိထားပြီးဖြစ်လျှင် မည်သူမျှ ပုဒ်မ ၃၅ ပါပြဋ္ဌာန်းချက်များကို ကိုးကား၍ ဆောင်ရွက်ခြင်း မပြုနိုင်။

၃၇။ အကယ်၍ ပုဒ်မ ၃၅ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်နှင့် မသက်ဆိုင်သည့် အခါတွင်

သော်လည်းကောင်း၊ ပုဒ်မ ၃၆ အရ ကိုးကားခြင်း မပြုနိုင်သည့် အခါတွင်သော်လည်းကောင်း ဘေးအန္တရာယ်ရှိသော ကုန်စည်သည် လူ့အသက်ကိုဖြစ်စေ၊ ပစ္စည်းဥစ္စာကိုဖြစ်စေ အမှန်တကယ် ဘေးအန္တရာယ်ပြုလာလျှင် ဖြစ်ပေါ်လာသော အခြေအနေလိုအပ်ချက်အရ ကုန်စည်ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုကို မျှဝေကျခံရသည့် ပျမ်းမျှထည့်ဝင်ကြေး သို့မဟုတ် ပုဒ်မ ၁၉၊ ပုဒ်မ ၂၀ နှင့် ပုဒ်မ ၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်ရှိမှုများမှအပ လျော်ကြေးပေးရန် မလိုဘဲ ကုန်စည်ကို ဘေးအန္တရာယ်မဖြစ်စေရန် ချထားခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပေးအပ်ခြင်းပြုနိုင်သည်။

၃၈။ ပုဒ်မ၃၃၊ ပုဒ်မ ၃၄၊ ပုဒ်မ ၃၅၊ ပုဒ်မ ၃၆ နှင့် ပုဒ်မ ၃၇ တို့တွင် ရည်ညွှန်းထားသည့် အချက်များမှာ တိကျမှန်ကန်ခြင်း မရှိမှု သို့မဟုတ် မလုံလောက်မှု တစ်ခုခုကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှုတစ်ရပ်ရပ်အတွက် ကုန်စည်အပ်နှံသူသည် ဘက်စုံပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူအား နစ်နာကြေးပေးအပ်ရန် တာဝန်ရှိသည်။

၃၉။ ကုန်စည်အပ်နှံသူသည် ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်ကို ၎င်းကလွှဲပြောင်းပေးပြီးသည့်တိုင် ပေးအပ်ရန် တာဝန် ရှိမှုသည် ဆက်လက်၍ တည်ရှိစေရမည်။

၄၀။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ ပုဒ်မ ၃၈ နှင့် ပုဒ်မ ၃၉ တို့ပါ နစ်နာကြေးဆိုင်ရာ အခွင့်အရေးကို ကုန်စည်အပ်နှံသူမှအပ အခြားပုဂ္ဂိုလ်တစ်ဦးဦး သို့ ပဋိညာဉ်အရ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ ပေးအပ်ရန်တာဝန် ရှိမှုအား ကန့်သတ်ခြင်း မရှိစေရ။

## အခန်း(၁၀)

## အကြောင်းကြားခြင်း၊ တောင်းဆိုခြင်း၊အရေးယူခြင်းနှင့် ကာလစည်းကမ်းသတ်

၄၁။ (က) ကုန်စည်လက်ခံသူအား ကုန်စည်ကိုလွှဲပြောင်း ပေးအပ်ချိန်တွင် ကုန်စည်ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှု၏ အဖြစ်အပျက်သဘာဝ အတိအကျ ဖော်ပြထားသော အကြောင်းကြားချက်ကို ကုန်စည်လက်ခံသူက ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူထံသို့ သတ်မှတ်ချက်များနှင့်အညီ လက်မှတ်ရေးထိုးထားသည့် စာဖြင့် ပေးပို့ထားခြင်းမရှိလျှင် အဆိုပါ လွှဲပြောင်းပေးအပ်မှုသည် ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထား လက်မှတ်တွင် ဖော်ပြထားသည့်အတိုင်း ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ကုန်စည်လွှဲပြောင်းပေးပို့ကြောင်း မြင်သာသော သက်သေခံချက် အထောက်အထားဖြစ်သည်။

(ခ) ကုန်စည်ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုကို အပြင်ပန်းအားဖြင့် သိသာထင်ရှားခြင်း မရှိသည့် ကိစ္စတွင် ကုန်စည်လက်ခံသူသို့ ကုန်စည်ကို လွှဲပြောင်း

ပေးအပ်ပြီးနောက် ၎င်းက ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ သတ်မှတ်ထားသော ကာလအတွင်း လက်မှတ်ရေးထိုးထားသည့် စာဖြင့် အကြောင်းကြား ပေးပို့ခြင်းမရှိလျှင် ထိုကုန်စည်ဆုံးရှုံးကြောင်း သို့မဟုတ် ပျက်စီးကြောင်း မြင်သာသော သက်သေခံအထောက် အထားမရှိဟု မှတ်ယူရမည်။

၄၂။ ဤဥပဒေအရ နစ်နာဆုံးရှုံးမှု တစ်ခုခုအတွက် အကြောင်းကြားစာပေးပို့ခြင်း၊ တရားရုံးနှင့် အနညာတခုံ သမာဓိရုံးတို့တွင် တရားစွဲဆိုခြင်း၊ တင်ပြတောင်းဆိုခြင်း၊ လျှောက်ထားခြင်းနှင့် ကာလစည်းကမ်းသတ်တို့နှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ တစ်ရပ်ရပ်ဖြင့် သီးခြားထုတ်ပြန်၍ သတ်မှတ်ထားသည့် အတိုင်း ဖြစ်စေရမည်။ ထိုသို့သတ်မှတ်ထားခြင်း မရှိလျှင် တည်ဆဲဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရမည်။

## အခန်း(၁၁)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၄၃။ ဗဟိုအဖွဲ့သည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ နှင့်အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ မှတ်ပုံတင်စည်းကမ်းချက်တစ်ခုခု ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်သော သို့မဟုတ် လိုက်နာရန် ပျက်ကွက်သော ဘက်စုံ ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်းနှင့် သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) မှတ်ပုံတင်လက်မှတ်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ်ကိုပယ်ဖျက်ခြင်း။

## အခန်း(၁၂)

## အယူခံခြင်း

၄၄။ ဗဟိုအဖွဲ့က ချမှတ်သော မှတ်ပုံတင်လက်မှတ် လျှောက်ထားချက်ကို ငြင်းပယ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် သို့မဟုတ် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ကိုဖြစ်စေ မကျေနပ်သူသည် ထိုအမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီး ဌာနသို့ အယူခံနိုင်သည်။

၄၅။ (က) ဝန်ကြီးဌာနသည် ပုဒ်မ ၄၄ အရ အယူခံမှုကို စိစစ်ပြီး ပလပ်ခြင်း သို့မဟုတ် ချမှတ်ခဲ့သော အမိန့်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ဝန်ကြီးဌာနက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း(၁၃)
## စီရင်ပိုင်ခွင့်အာဏာ

၄၆။ ဤဥပဒေအရ ဘက်စုံပို့ဆောင်ရေးနှင့် စပ်လျဉ်း၍ ပေါ်ပေါက်သည့် တရားစီရင်ရေးဆိုင်ရာ အမှုများကို တရားလို၏ဆန္ဒအရ အောက်ဖော်ပြပါ နေရာဒေသတစ်ခုခုရှိ စီရင်ပိုင်ခွင့်ရှိသော တရားရုံးတစ်ခုခုတွင် တရားစွဲပိုင်ခွင့် ရှိသည်-

(က) တရားပြိုင်၏ ပင်မစီးပွားရေးလုပ်ငန်း တည်ရှိရာနေရာဒေသ သို့မဟုတ် အမြဲတမ်း၊ နေထိုင်ရာနေရာဒေသ၊

(ခ) ပဋိညာဉ်ချုပ်ဆိုသည့် နေရာဖြစ်ပြီး တရားပြိုင်၏ စီးပွားရေးလုပ်ငန်း၊ ရုံးခွဲ သို့မဟုတ် ကိုယ်စားလှယ်ရှိရာနေရာဒေသ၊

(ဂ) ဘက်စုံပို့ဆောင်ရေးအတွက် ကုန်စည်ကို တာဝန်ယူလက်ခံသည့်နေရာ သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့သည့် နေရာဒေသ၊

(ဃ) ဤကိစ္စအလို့ငှာ ပဋိညာဉ်တွင် ဖော်ပြသည့် အခြားနေရာဒေသ တစ်ခုခုနှင့် ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထား လက်မှတ်တွင် သက်သေခံအဖြစ် ဖော်ပြသည့် အခြားနေရာဒေသ တစ်ခုခု။

၄၇။ ပုဒ်မ ၄၆ တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ရပိုင်ခွင့်တောင်းဆိုရန် အကြောင်း ပေါ်ပေါက်ပြီးနောက် စာချုပ်ဝင်တို့ချုပ်ဆိုသည့် သဘောတူစာချုပ်တွင် တရားစွဲဆိုနိုင်ရန် သီးခြားသတ်မှတ်သည့် နေရာဒေသရှိ စီရင်ပိုင်ခွင့်ရှိသော တရားရုံးသည် စီရင်ပိုင်ခွင့်ရှိစေရမည်။

၄၈။ ဘက်စုံပို့ဆောင်ရေးနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသည့် အငြင်းပွားမှုကို အနညာတခုံသမာဓိဖြင့် ဖြေရှင်းပေးရန် တောင်းဆိုလျှောက်ထားသူ၏ ဆန္ဒအရ ပုဒ်မ ၄၆၊ ပုဒ်မခွဲ (က)မှ (ဃ) အထိ ဖော်ပြထားသော နေရာဒေသတစ်ခုခု၌ အနညာတခုံသမာဓိဖြင့် ဖြေရှင်းခြင်းကို ပဋိညာဉ်နှင့်အညီ ပြုလုပ်နိုင်သည်။

၄၉။ ဘက်စုံပို့ဆောင်ရေးနှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာသည့် အငြင်းပွားမှုကို အနညာတခုံသမာဓိဖြင့် ဖြေရှင်းခြင်းနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ပဋိညာဉ်တွင် သဘောတူညီထားသည့်အတိုင်း မည်သည့် လုပ်ထုံးလုပ်နည်းဖြင့် ဖြေရှင်းမည်ကို ရွေးချယ်ဆောင်ရွက်ပိုင်ခွင့် ရှိသည်။

၅၀။ ပုဒ်မ ၄၈ တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ အငြင်းပွားမှုအတွက် အနညာတခုံသမာဓိဖြင့် ဖြေရှင်းပေးရန် တောင်းဆိုလျှောက်ထားပြီးနောက် စာချုပ်ဝင်တို့ချုပ်ဆိုသည့် သဘောတူစာချုပ်တွင် သီးခြားသတ်မှတ်သည့် နေရာဒေသရှိ အနညာတခုံသမာဓိဖြင့် ဖြေရှင်းခြင်းကို ပြုလုပ်နိုင်သည်။

## အခန်း(၁၄)

## ပြစ်မှုနှင့်ပြစ်ဒဏ်

၅၁။ မည်သူမဆို မှတ်ပုံတင်လက်မှတ်မရှိဘဲ ဘက်စုံပို့ဆောင်ရေး လုပ်ငန်းကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ် ၂၅ သိန်းမှ အများဆုံး ကျပ်သိန်း ၁၅၀ အထိ ချမှတ်ခြင်းခံရမည်။

## အခန်း(၁၅)

## အထွေထွေ

၅၂။ ဤဥပဒေတွင် အခြားနည်းဖြင့် ပြဋ္ဌာန်းထားခြင်းမရှိလျှင် ဤဥပဒေပါ ဘက်စုံပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်များ၊ ပေးအပ်ရန် တာဝန်ရှိမှုများ၊ ကင်းလွတ်ချက်များနှင့် ပေးအပ်ရန်တာဝန် ကန့်သတ်ချက်များသည်-

(က) မှတ်ပုံတင်လက်မှတ် ရရှိသော ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူနှင့် သက်ဆိုင်စေရမည်။

(ခ) မှတ်ပုံတင်လက်မှတ် ရရှိသော ကိုယ်စားလှယ်နှင့်လည်းကောင်း၊ သီးခြားဆန့်ကျင် ကွဲလွဲသည့် သဘောတူညီချက် မရှိပါက ကိုယ်စားလှယ်လွှဲအပ်သူနှင့်လည်းကောင်း သက်ဆိုင်စေရမည်။

၅၃။ (က) ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်ပါ သတ်မှတ်ချက်တစ်ရပ်ရပ်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သွေဖည်သည့်အပြင် ကုန်စည်တင်ပို့သူကိုဖြစ်စေ၊ ကုန်စည်လက်ခံသူကိုဖြစ်စေ ထိခိုက်နစ်နာစေပါက ပျက်ပြယ်စေရမည်ဖြစ်ပြီး အကျိုးသက်ရောက်စေရန် တင်ပြခွင့်မရှိစေရ။ သို့ရာတွင် ထိုပြဋ္ဌာန်းချက်သည် အဆိုပါ သက်သေခံအထောက်အထား လက်မှတ်၌ပါရှိသော အခြားသတ်မှတ်ချက် များကို ထိခိုက်ခြင်း မရှိစေရ။

(ခ) အခန်း(၇)ပါ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်နှင့် ပေးအပ်ရန် တာဝန်ရှိမှုများတွင်လည်းကောင်း၊ အခန်း(၈)ပါ ပေးအပ်ရန်တာဝန်ရှိမှု ကန့်သတ်ချက်များတွင်လည်းကောင်း မည်သို့ပင်ပါရှိစေကာမူ ဘက်စုံ ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ကုန်စည်အပ်နှံသူ၏ သဘောတူညီချက်ဖြင့် ပဋိညာဉ်တွင် မိမိ၏တာဝန်ရှိမှုနှင့် ပေးအပ်ရန် တာဝန်များကို ပိုမို၍တိုးမြှင့်သတ်မှတ်ပေးနိုင်သည်။

၅၄။ ဝန်ကြီးဌာနသည် ဤဥပဒေအရ မှတ်ပုံတင်ခ၊ မှတ်ပုံတင်သက်တမ်း၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေး၊ အာမခံအထောက်အထားနှင့် အခြားအခကြေးငွေများကို သတ်မှတ်ထားရမည်။

၅၅။ ပုဒ်မ ၅၁ အရ တရားစွဲဆိုမှုတွင် တရားရုံးက အပြီးသတ်အမိန့် ချမှတ်ခြင်းမပြုမီ တရားစွဲဆိုခြင်းခံရသော ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ပုဒ်မ ၅၁ တွင်

သတ်မှတ်ထားသည့် အများဆုံးဒဏ်ငွေကို ဤဥပဒေပါ ကိစ္စအလို့ငှာ ဗဟိုအဖွဲ့က စီမံခန့်ခွဲနိုင်ရန် မှတ်ပုံတင်အရာရှိထံ ပေးဆောင်လျှင် မှတ်ပုံတင်အရာရှိသည် တရားရုံးတွင် ထိုအမှုကိုကျေအေးရမည်။

၅၆။ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ ရရန်ရှိသော အခကြေးငွေနှင့် ဒဏ်ကြေးငွေများ ပေးဆောင်ရန် ပျက်ကွက်သူထံမှ ထိုအခကြေးငွေနှင့်ဒဏ်ကြေးငွေများကို ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရမည်။

၅၇။ ဝန်ကြီးဌာနသည် ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍ အများပြည်သူ အကျိုးငှာ အဖွဲ့အစည်းတစ်ခုခုသို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်ရယူခြင်းမှဖြစ်စေ၊ မှတ်ပုံတင်ခ သို့မဟုတ် အခြား အခကြေးငွေ ပေးသွင်းရခြင်းမှဖြစ်စေ စည်းကမ်းချက်များ သတ်မှတ်၍ ကင်းလွတ်ခွင့် ပြုနိုင်သည်။

၅၈။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မြို့နယ် တရားရုံးမှ မည်သည့် စီရင်ပိုင်ခွင့်အာဏာရ တရားသူကြီးမဆို ဤဥပဒေပါ ပြစ်မှု တစ်ရပ်ရပ်တွင် သတ်မှတ်ထားသည့် ဒဏ်ငွေကို ချမှတ်စီရင်ပိုင်ခွင့် အာဏာရရှိစေရမည်။

၅၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများကို ပြည်ထောင်စု အစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုအဖွဲ့တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ပို့ဆောင်ရေးဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်။

**(ပုံ)သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**